# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 22 , 2023 — Volume 73, Number 15


၂၂.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၉၅၀၀၀ |
| ဒေါ်လာဈေး | = ၃၄၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအချင်းချင်း ချိတ်ဆက်ပေးနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးအလားအလာများ သိသာပေါ်လွင်ပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲကို ဒီဇင်ဘာလ (၂၀) ရက်တွင် Mandalay Convention Center ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မန္တလေးတိုင်းဒေသကြီးသည် အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပြီး စက်မှုလုပ်ငန်းများထွန်းကားသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကြောင်းတရားများနှင့် ပြည့်စုံနေသည့် တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်က အားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက်များတွင် ပါဝင်နိုင်ခြင်းဖြင့်

ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်နိုင်ရန် အလားအလာကောင်းများရှိကြောင်းလည်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုကဲ့သို့ နိုင်ငံတကာကုန်စည်ပြပွဲများကို အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းကျင်းပခြင်းကြောင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ပို့ကုန်ကဏ္ဍတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်တွင်း၌ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာတွင်ကျင်းပသည့် ကုန်စည်ပြပွဲများသို့ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များပါဝင်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် နို့၊ ပဲနို့ရည်အမျိုးမျိုးနှင့် ရေသန့်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းဆောင်ရွက်နေသည့် ဥရောပ၊ အာရှအဖျော်ယမကာ ကုမ္ပဏီလီမိတက်နှင့် ၁၀၀ ရာခိုင်နှုန်း ကိုရီးယားနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစားအစာနှင့်အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဆောင်ရွက်နေသည့် Sunjin Myanmar Co; Ltd သို့ သွားရောက်ခဲ့ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=142359

## ဆိပ်ဖြူကြက်သွန်နီ၏ ဒီဇင်ဘာလ(ဒုတိယပတ်)တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းဈေးကွက်နှင့်စီးဆင်းမှု



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(ဒုတိယပတ်) တွင် ပင်စိုက် (ငွေကြက်သွန်နီ) ရာသီ ကုန်ဆုံးချိန်ဖြစ်၍ ကြက်သွန်နီကုန်စည်ဒိုင်သို့ ကုန်ဝင်ပိဿာချိန် လျော့နည်းသွားကြောင်း၊ (၁)ရက်လျှင် ကုန်ချိန်ပိဿာ(၂၀၀၀)ပိဿာခန့်၊ တစ်ပတ်အတွင်း ပိဿာ(၁)သိန်းခွဲခန့်ဝင်ရောက်ကြောင်း၊ ဆိပ်ဖြူမြို့မှ ကုန်စည်စီးဆင်းမှုအနေဖြင့် ကြက်သွန်နီပိဿာ(၃)သိန်းခန့် စီးဆင်းကြောင်း ဈေးကွက်မှ သိရှိရသည်။

ဆိပ်ဖြူကြက်သွန်နီသည် ဈေးကွက်အနေဖြင့် ဒီဇင်ဘာလ (ဒုတိယပတ်)အစောပိုင်းတွင် အမြင့်ဈေးတစ်ပိဿာလျှင် ကျပ်(၂၉၃၅)၊ အနိမ့်ဈေးတစ်ပိဿာလျှင် ကျပ်(၂၈၀၀)ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒီဇင်ဘာလလယ်ပိုင်းတွင် အမြင့်ဈေး တစ်ပိဿာလျှင် ကျပ်(၂၉၀၀)၊ အနိမ့်ဈေးတစ်ပိဿာလျှင် ကျပ်(၂၅၀၀)၊ (ဒုတိယပတ်) နှောင်းပိုင်းတွင် အမြင့်ဈေး တစ်ပိဿာလျှင် ကျပ်(၃၅၀၀)၊ အနိမ့်ဈေးတစ်ပိဿာလျှင် ကျပ်(၂၇၀၀) ဈေးနှုန်းဖြင့် အသီးသီးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါသည်။ ယခင်ဒီဇင်ဘာလ (ပထမပတ်)အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဈေး ကျပ်(၂၉၅၀)၊ ယခုဒီဇင်ဘာလ (ဒုတိယပတ်)တွင် အမြင့်ဈေး ကျပ်(၃၅၀၀)ဖြစ်၍ ကျပ်(၅၅၀)ဈေးတက်ပြီး အလတ်စနှင့်အသေးစတို့မှာ ကျပ်(၁၀၀)ခန့်ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုအပတ်တွင် မိုးကြက်သွန်နီ(ဥ)စိုက်အသစ်တစ်ပိဿာလျှင် ကျပ်(၂၂၀၀မှ ၁၆၀၀)ဈေးနှုန်းဖြင့် ကုန်စည်ဒိုင်ဈေးကွက်သို့ ကုန်ချိန်အနည်းငယ်စတင်ဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်မှသိရှိရသည်။

ယခု ဒီဇင်ဘာလ(ဒုတိယပတ်)တွင် ကုန်စည်စီးဆင်းမှုအနေဖြင့် ပြည်တွင်း ရန်ကုန်ဘုရင့်နောင် (ကုန်စည်ဒိုင်)နှင့် ပြည်မြို့သို့ ကုန်ချိန်အများဆုံးစီးဆင်းပြီး ပြည်ပသို့တင်ပို့မှုနည်းကြောင်း၊ ဆိပ်ဖြူမြို့မှ ကြက်သွန်နီကုန်ချိန်ပိဿာ (၃)သိန်းခန့်၊ တန်ချိန်(၄၉၀)တန်ခန့်စီးဆင်းကြောင်း ဈေးကွက်မှ သိရှိရသည်။

Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_22122023_1131

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ခုံးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ခုံးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးကပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခုံးပိသာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ခုံးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါခုံးများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းနေကြောင်း သိရသည်။

"ဒေသကထွက်ရှိတဲ့ ခုံးတွေဝယ်ယူမှုကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို ဝယ်ယူမှုကောင်းနေတာပါ။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ခုံးတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလည်း ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ခုံးတွေကို လပွတ္တာမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လည်ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကို ရေလုပ်သားများထံမှဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၃,၅၀,၀၀၀ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၃,၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၂,၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ အုန်းသီးအလုံးရေ ၃,၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးများမှာ အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၇,၀၀၀ ထိ ဈေးရရှိခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လက အုန်းသီးအလုံးရေ ၃,၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန် အုန်းသီးတွေ ဝယ်လိုအားကောင်းနေတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ ဝယ်လိုအားလိုက်နေတယ်လို့ သိရပါတယ်။ လက်ရှိ အုန်းသီးဈေးကလဲ စိုက်ပျိုးသူတွေ အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်။ ဘိုကလေးကနေ ဒေသထွက် အုန်းသီးတွေကို အုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးနုဆိုပြီး တင်ပို့ရောင်းချနေတာပါ" ဟု ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်က ထွက်ရှိသည့်အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကား၊ အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မုံရွာ ဆောင်းကွမ်း တစ်ပိသာလျှင် ကျပ် (၁၀,၀၀၀)ခန့်အထိ ဈေးနှုန်းအနည်းငယ်မြင့်တက်



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၌ ဆောင်းကွမ်းတစ်ပိသာလျှင် ကျပ် (၁၀,၀၀၀)ခန့်အထိ ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဒေသခံကွမ်းစိုက်တောင်သူများထံမှ သိရသည်။

မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းမှာ နိုဝင်ဘာလတွင် ကွမ်းတစ်ပိသာလျှင် ကျပ် (၅,၀၀၀) မှ ကျပ်(၆,၅၀၀)ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာမှ ယခု ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ အရည်အသွေးအပေါ်မူတည်၍ ကွမ်းတစ်ပိသာလျှင် ကျပ် (၉,၀၀၀)မှ ကျပ် (၁၀,၀၀၀) ဖြင့် ဈေးနှုန်း အနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆောင်းရာသီတွင် ကွမ်းအထွက်နှုန်းလျော့နည်းပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးသဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံက သိရသည်။

ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=142402

## ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်း ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို စက်သုံးဆီ တင်သွင်းခြင်းအတွက် သုံးစွဲခွင့်ပြုမည်

ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနဲ့ပြောင်း တင်ပို့ခြင်းကနေရရှိတဲ့ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို စက်သုံးဆီတင်သွင်းခြင်းအတွက် ပြည်ပသို့ပေးချေရန် ကုမ္ပဏီ၏နိုင်ငံခြားငွေစာရင်းတွင် ထည့်သွင်းထားရှိပေးမည်ဟု ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) က ထုတ်ပြန်လိုက်ပါတယ်။

ကုန်စည်တင်ပို့သူက ကုမ္ပဏီရဲ့ပို့ကုန်ကြေညာလွှာအရ သတ်မှတ်ရက်အတွင်း ဝင်ရောက်လာတဲ့ ပို့ကုန်ရငွေရဲ့ ၃၀ ရာခိုင်နှုန်းအနက်က ၃၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲနှုန်းနဲ့ တစ်ရက်အတွင်း လဲလှယ်ပေးရမှာဖြစ်ပြီး ကျန်ရှိတဲ့ ၆၅ ရာခိုင်နှုန်းကို Online Trading Platform မှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချပေးရမှာပါ။

ပို့ကုန်ရငွေ ဝင်ရောက်ထားတဲ့ ကုမ္ပဏီတွေကိုယ်တိုင် စက်သုံးဆီတင်သွင်းပါက သွင်းကုန်အတွက် ပေးချေရာတွင် ကုမ္ပဏီရဲ့နိုင်ငံခြားငွေစာရင်းမှာရှိတဲ့ အဆိုပါ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကနေ ပေးချေရမယ်လို့ ဆိုပါတယ်။

စက်သုံးဆီတင်သွင်းတဲ့ ကုမ္ပဏီတွေထံ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း တင်ပို့ခြင်းမှ ရရှိထားတဲ့ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို ရောင်းချပေးပါက သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်တွေကနေ အွန်လိုင်းထရိတ်ဒင်းပလက်ဖောင်းမှာ တင်ပြပြီး အရောင်းအဝယ်ဆောင်ရွက်ရမှာပါ။

ရောင်းချသူရဲ့နိုင်ငံခြားငွေစာရင်းမှ ဝယ်ယူသူရဲ့နိုင်ငံခြားငွေစာရင်းကို လွှဲပြောင်းပေးဖို့နဲ့ မတူညီတဲ့ဘဏ်များအကြား လွှဲပြောင်းခြင်းတို့ဆောင်ရွက်နိုင်ကြောင်း UMFCCI ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

စက်သုံးဆီတင်သွင်းမဲ့ကုမ္ပဏီက လိုင်စင်လျှောက်ထားရာတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနဲ့ပြောင်းတင်ပို့ရာမှ ပို့ကုန်ဝင်ငွေရရှိထားကြောင်း (သို့မဟုတ်) ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနဲ့ပြောင်းတင်ပို့တဲ့ ကုမ္ပဏီမှ ပို့ကုန်ရငွေဝယ်ယူထားကြောင်း အထောက်အထားအဖြစ် AD လိုင်စင်ရဘဏ်များက ထုတ်ပေးတဲ့ Credit Advice နဲ့ Bank Statement မူရင်းကို တင်ပြရမယ်လို့ အသိပေးထားပါတယ်။

**Source: BETV Business**

## အိန္ဒိယနိုင်ငံသို့တင်ပို့ရန် ပို့ကုန်အလားအလာအကောင်းဆုံး ပဲစင်းငုံမှာ အရောင်းအဝယ်သွက်နေ

အိန္ဒိယနိုင်ငံသို့တင်ပို့ရန် ပို့ကုန်အလားအလာအကောင်းဆုံး ပဲစင်းငုံအရောင်းအဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဒီဇင်ဘာလကုန်ရက်များနှင့် နှစ်သစ်ကူးနောက်ပိုင်း ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်ကောင်းလာနိုင်သလို ပို့ကုန်ပဲများမှာ အမြင့်ဈေးအတိုင်း ကျဆင်းစရာမရှိကြောင်း၊ မတ်ပဲနှင့်ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားလိုအပ်ချက်များနေတာကြောင့်လည်း ဈေးကွက်အတွင်း အဝင်များသလောက် ဈေးကျဆင်းနိုင်မရှိနိုင်ကြောင်း ပဲ၊ နှမ်းကုန်သည်များက သုံးသပ်ထားသည်။

ဒီဇင်ဘာလကုန်ပိုင်းရက်များတွင် ပဲ၊ နှမ်းဈေးကွက်အတွင်းသို့ အသစ်ဝင်ပဲများ ဝင်ရောက်လာမည်ဖြစ်ရာ ဈေးကွက်ပြန်လည်အရောင်းအဝယ်ကောင်းလာနိုင်ကြောင်း လက်ရှိအချိန်တွင် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် အရောင်းအဝယ်အေးနေကြောင်း၊ ပို့ကုန်ပဲများလည်း လက်ရှိအချိန်တွင် ဈေးမြင့်တက်နေရာမှ ဈေးငြိမ်နေကြောင်း ပစ္စည်းအသစ်ဝင်ရောက်မှုများရှိလာပါက ဈေးကွက်ပြန်လည်လှုပ်ရှားနိုင်မည်ဖြစ်ပြီး လက်ရှိပေါက်ဈေးထက် ကျဆင်းစရာမရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

``မကြာမီ ရက်ပိုင်းအတွင်း အသစ်ဝင်ပဲများ ဝင်ရောက်လာပါက ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်ကောင်းလာနိုင်ပေမဲ့ လက်ရှိမှာတော့ ပဲလက်ကျန်မရှိတော့ အရောင်းအဝယ်က ခပ်အေးအေးသာရှိနေပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေက လက်ကျန်နည်းတော့ ဈေးကောင်းလာပါတယ်။ ပဲစင်းငုံကတော့ ဈေးအဖွင့်ကောင်းနေပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းတွေကတော့ အသစ်တွေ ရက်ပိုင်းအတွင်း ဝင်လာစရာရှိပါတယ်။ နှမ်းနက်တွေကတော့ တရုတ်လိုင်း အဝယ်ကောင်းနေပါတယ်။ မြေပဲဆန်တွေကတော့ ဈေးပြန်ကောင်းအဝယ်သွက်နေတယ်ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၂၁ ရက်တွင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀ ၊ ပဲစင်းငုံ ပိဿာ ၆၀ သုံးတင်း တစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀ ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁,၇၀,၀၀၀ ပေါက် ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ V7တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၆၅,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၈,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄,၂၈,၅၀၀၊ ပဲထောပတ်တစ်အိတ် လျှင် ငွေကျပ် ၄,၅၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀,၀၀၀၊ မြေပဲအနီလုံး ဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀-၇၁၀၀ ပေါက်ဈေး မြင့်တက်လာသည်။

တရုတ်နှစ်သစ်ကူးကာလအတွက် အဝယ်ကောင်းလာရာ ဒီဇင်ဘာ ၂၁ ရက်တွင် နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃,၆၅,၀၀၀၊ နှမ်းညို(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ နှမ်းနက်စမုန်တစ်အိတ်လျှင် ငွေကျပ် ၃,၅၅,၀၀၀ ပေါက် ဈေးအထိ ဈေးမြင့်တက်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်ကုန်သည်များ အရည်အသွေးပိုင်း ရွေးချယ်ဝယ်ယူမှုကြောင့် နှမ်းနက်စမုံနက် ဈေးအနည်းငယ်ကျ

တရုတ်ကုန်သည်များမှ ဝယ်လိုအားရှိသော်လည်း အရည်အသွေပိုင်းရွေးချယ်မှုကြောင့် ပြည်တွင်းဈေးကွက်တွင် နှမ်းနက်စမုံနက်ဈေးအနည်းငယ်ကျဆင်းနေတယ်လို့ ကုန်သည်အချို့ကပြောပါတယ်။

တရုတ်ကုန်သည်များက အရည်အသွေး၊ အရောင်၊ အက်ဆစ်လွတ်တဲ့နှမ်းကိုသာ ရွေးချယ်ပြီး ဝယ်ယူနေတဲ့အပြင် ဈေးချဝယ်ယူလာတာကြောင့် အရင်ရက်ကအတက်ပြခဲ့တဲ့ နှမ်းစမုံနက်ကတစ်အိတ်ကို ၁၅,၀၀၀ လောက်အထိ ပြန်ကျလာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာ ပြီးခဲ့တဲ့ရက်က နှမ်းစမုံနက်ဈေးနှုန်းက ၄၅ ပိဿာ တစ်အိတ်ကို ၃,၇၅,၀၀၀ ကျပ်အထိ မြင့်တက်လာခဲ့ရာမှနေ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာတော့ နှမ်းစမုံနက်ဈေးနှုန်းက ၄၅ ပိဿာ တစ်အိတ်ကို ၃,၆၀,၀၀၀ ကျပ်သာဈေးရှိတယ်လို့သိရပါတယ်။

"နှမ်းဈေးက တက်လာတာဟုတ်တယ်၊ ဒါပေမဲ့ အရင်ရက်ကထက် နည်းနည်းပြန်ကျတဲ့သဘောရှိတယ်၊ ဒါပေမဲ့လည်း ဈေးက ဒီထက်ပြန်ကျမဲ့ အလားအလာတော့မရှိဘူး။ တရုတ်ကတော့ အက်ဆစ်အောင်တာကိုကြိုက်တာ"လို့ ကုန်သည် တစ်ဦးမှ သုံးသပ်ပါတယ်။

တရုတ်ဈေးကွက်မှဝယ်ယူနေသည့် နှမ်းနက် စမုံနက်ဈေး အနည်းငယ်ကျဆင်းသော်လည်း ပြည်တွင်း အဓိကစားသုံးသည့် နှမ်းဖြူရိုးရိုးက ဈေးအနည်းငယ်တက်လာတယ်လို့ ကုန်သည်အချို့က ပြောပါတယ်။ နှမ်းဖြူရိုးရိုးကတော့ ၄၅ ပိဿာ တစ်အိတ်ကို အရင်ရက်က ၃,၃၀,၀၀၀ ကျပ်သာရှိပြီး လက်ရှိမှာ ၃,၃၅,၀၀၀ ကျပ်အထိရှိလာလို့ ၅၀၀၀ ကျပ်တက်လာပါတယ်။ နှမ်းဖြူဂျပန်ကတော့ တစ်အိတ်ကို ၃,၆၀,၀၀၀ မှ ၃,၆၅,၀၀၀ ကျပ်ဈေးတန်းမှာပဲငြိမ်နေပါတယ်။

နှမ်းစမုံနက်အပါအဝင် နှမ်းမျိုးစုံကို တရုတ်ဘက်ကအဝယ်ရှိလို့ ဈေးပြန်တက်ပေမယ့် ဈေးနှုန်းအတက်အကျ တည်ငြိမ်မှုမရှိဘူးလို့ အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးကပြောပါတယ်။ ဈေးက နည်းနည်းလေး ပြန်မာလာတယ်ဆိုပေမဲ့ မာလိုက်အေးလိုက်ပဲ၊ တရုတ်က နှမ်းနက်ပဲ အဓိကဝယ်တာ၊ သူမဝယ်ရင် ဈေးကျတာပဲ၊ အပြင်အရောင်းအဝယ်ဖြစ်တဲ့ဈေးကပိုပါတယ်"လို့ ၎င်းကပြောပါတယ်။

နှမ်းစမုံနက်ဈေးကျသလို နှမ်းညိုဈေးကလည်း ၄၅ ပိဿာ တစ်အိတ်ကို အရင် ၂,၈၀,၀၀၀ ကျပ်ရှိရာမှ ၂,၇၅,၀၀၀ ကျပ်အထိ ဈေးကျလာပါတယ်။ အောင်လံကုန်စည်ဒိုင်ဈေးကွက်မှာလည်း နှမ်းစမုံနက်က တစ်အိတ်ကို ၃,၄၀,၀၀၀ ကျပ်အထိ အမြင့်ဆုံးရှိပြီး နှမ်းညိုက ၃,၀၀,၀၀၀ ကျပ်ရှိလာတယ်လို့သိရပါတယ်။

နှမ်းကို တရုတ်ဘက်ကိုတင်ပို့မှုအနေနဲ့ တာချီလိတ်ကနေတဆင့် တရုတ်ဘက်ကို နယ်စပ်လမ်းကြောင်းကနေ တင်ပို့နေကြတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ မိုးနှမ်းအသစ်တွေက အညာဘက်ကနေသာ ဝင်ရောက်မှုရှိပေမဲ့လည်း လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေကြောင့် မန္တလေးဈေးကွက်ကို ဝင်ရောက်မှုနည်းနေတဲ့အတွက် ဈေးတန်းက တက်မဲ့အလားအလာရှိတယ်လို့သိရပါတယ်။

**(AMIA)**

**Source: Myamna Awba**

## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့နိုင်မှုသည် ယခုနှစ်အတွင်း တန်ချိန် ၈ ဒသမ ၈ သန်းထိ ရောက်ရှိနိုင်မည်ဟု ဆန်ပို့ကုန်လုပ်ငန်းရှင်များက ခန့်မှန်း

ယခုနှစ်အတွင်း ထိုင်းဆန်တင်ပို့နိုင်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ မှာယူမှုမြင့်တက်လာမှုကြောင့် တန်ချိန် ၈ ဒသမ ၇-၈ ဒသမ ၈ သန်းထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း ဆန်ဈေးမြင့်တက်လာမှုနှင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ပို့ကုန်ပမာဏ မြင့်တက်လာခြင်းတို့ကြောင့် ဆန်ပို့ကုန်တန်ဖိုးကို ဘတ် ၁၈၀ ဘီလီယံခန့်မှန်းခဲ့ပါကြောင်း၊ ရာသီဥတုကောင်းမွန်မှုကြောင့် ပို့ဆောင်ရေးတွင် နှောင့်နှေးမှုမရှိခဲ့ပါကြောင်း၊ အဓိကဝယ်ယူသူများမှာ တန်ချိန် ၁ ဒသမ ၃ သန်း တင်သွင်းပြီးဖြစ်သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်မှ တန်ချိန် ၅,၀၀,၀၀၀ ဖြစ်ကြောင်း၊ ယခုနှစ်တွင် အင်ဒိုနီးရှားမှ ထိုင်းဆန်တန်ချိန် ၂ သန်းကိုဝယ်ယူရန် ကတိပြုခဲ့သည်ဟု ဝန်ကြီးချုပ်၏ အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထပ်မံဝယ်ယူမည့် ၁ သန်းအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း သို့မဟုတ် အစိုးရအချင်းချင်းပုံစံဖြစ်နိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Mr.Chookiat Ophaswongse က ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ အစားအစာဝယ်ယူရေးအေဂျင်စီ Bulog က ၅ ရာခိုင်နှုန်း ဆန်ဖြူတန်ချိန် ၅,၄၀,၀၀၀ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူခဲ့ပြီး တန်ချိန် ၂,၀၀,၀၀၀ ကို ထိုင်းနိုင်ငံမှ ဝယ်ယူခဲ့ပါကြောင်း၊ အင်ဒိုနီးရှားသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ၃ သန်းနှင့် လာမည့်နှစ်တွင် တန်ချိန် ၁-၁ ဒသမ ၅ သန်း တင်သွင်းရန်လျာထားပါကြောင်း၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်သဖြင့်

အများစုကို ထိုင်းနိုင်ငံမှ တင်သွင်းမည်ဖြစ်ကြောင်း Mr. Chookiat က ဖြည့်စွက်ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၆ ဒသမ ၉၂ သန်းဖြစ်ပြီး၊ ဘတ် ၁၃၆ ဘီလီယံရှိကြောင်း အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားမှုအရ သိရှိရပါသည်။

**Source: www.bangkokpost. gov၊**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp_201220231030

## STOCK EXCHANGE (22.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,800 | 8,800 | 8,700 | 8 | 69,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,143 | 6,107,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 108 | 178,200 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 310 | 605,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,700 | 27 | 127,200 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 363 | 617,100 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.62 | +0.63 | +0.17% | 365.62 | 366.84 | 365.06 | 2,959 | 7,704,750 | 8 | 689,625 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

## Main Board

As of 1:00 pm, 21st Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

| MYANPIX | 365.62 ▲ 0.63 |
|---|---|
| Total Volume (shares) | 2,959 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,625 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 50 |

TIR